
# ရွှေသွေး ဂျာနယ်

စနေနေ့တိုင်း ထုတ်ဝေသည်။
အတွဲ ၁၊ အမှတ် ၃၀။ ၂၆-၇-၆၉

## မင်တန်း တချက်

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - သာဒွန်း





ဟား ဟား ဟား ဟား
ပြည်လမ်းအတိုင်း မောင်းလာရာ တန့်တားဖြူလေးနားတွင် သူတို့ကို ဂျစ်ကားတစင်း ကျော်တက်သွား၏။
နံပတ်ပြားမှာ ရွှံ့ သုတ်ထား သည်ကို သတိထားမိ၍
အား
မသင်္ကာသဖြင့် အတင်းလိုက်ကြ၏။
မင်္ဂလာဒုံဖက်မှ ကားကြီးများ လာနေ၍ ဂျစ်ကား နှေးသွားစဉ် သာထွန်းတို့ မှီလာပြီး-
ကျော်တက်စဉ် ပန်းခူးထွက်သူများ လိုလိုလုပ်ပြီး လက်ပြသွားသည်။
ဟား ဟား ဟား
ထိုအခါ ဂျစ်ကားသည် ရှေ့ဖက်ဗန်ပါနှင့် သာထွန်း တို့ကို ဂျောက်ထဲသို့ အသာတွန်းချလိုက်၏။
ကျိုက်ကလို့ဘုရားအနီးရောက်သော် ဓာတ်ဆီကုန်သွား၍ မလိုက်နိုင်ချေ။
ဂျစ်ကား တစီး နံပတ်ပြားမှာ ရွှံ့ သုတ်ထားတာ မတွေ့လိုက်ဘူးလား
ခဏကြာသော် ရဲကားတစီး ရောက်လာပြီး....


ဟင် ဒါဖြင့် မောင်ရင်တို့ ဆိုင်ကယ်ပါ ကားပေါ်တင် — ဦးတို့ကို ကူညီပါအုံး
အကူအညီတောင်းသဖြင့် လိုက်သွားကြ၏။
ဦးလေး - အခုဖြတ်သွားတဲ့ကား ကိုမသင်္ကာဘူး — ကားနံပါတ်များ ရေဆေးထားသလိုဘဲ
ဟေ — ဟုတ်လား ဟေ့ မြန်ကွ
မသင်္ကာစရာ ဂျစ်ကားတစီး မျက်နှာချင်းဆိုင် တွေ့လေရာ ....
ဦးလေး ဟိုကားမှာ ကျွန်တော် ပက်ထားတဲ့ မှင်တန်းတွေလိုက်တယ်
ထိုဂျစ်ကို မှီလာသော်----
ဟေ့-ရပ် လိုက် - - - - ပစ်လိုက် ရမလား
မင်းဘယ်ကလာသလဲ - ဟိုကောင်တွေ ဘယ်မှာထားခဲ့သလဲ — မှန်မှန်ပြော
ကျွန်တော် ထောက်ကြံ့က ပြန်လာတာပါ၊ ဘာမှမသိ ရပါလား
မင်းမညာနဲ့ ဟိုမှာကြည့်စမ်း၊ ဒီသူငယ်တွေပက်လွှတ်လိုက်တဲ့ မှင်တန်းကြီး ထင်းနေတာဘဲ
ကျွန်.. ကျွန်တော် လိုက်ပြပါမယ် ခင်ဗျာ ပန်းချူးထွက်မယ်ဆိုပြီး ကားငှါးပြီးတော့ သူတို့ဘဲမောင်းပါတယ်
သို့ဖြင့် ပြန်တွေ့၍မောင်းပြီး
ဟေ့ - အိမ်ပေါ်ကလူတွေ....
မြို့ကြီးထဲမှ အိမ်တအိမ်သို့ ဂျစ်ကားဒရိုင်ဘာ လိုက်ပို့၍ ရောက်သော်


...အားလုံးဆင်းခဲ့ ခုန်ယင် သေ သွားမယ်
မားပြလေးဦးနှင့် အိမ်ရှင်တို့ အရက်သောက်နေစဉ် ပစ္စည်းများလည်း ရှိ၏။
ဒီကောင်တွေအားလုံး လက်ထိပ်ခတ် — ဒဂိုင်အောက်ကိုပါ ခတ် — ပစ္စည်းတွေသိမ်း အိုးလျှက ချစ်မောင်
ရုံးခန်း၌....
ဟုတ်ပ မောင်ရေ ဟုတ်ပ — သူတို့ပါဘဲ — သူကအမေ့ကို တိုးခဲ့ချည်တယ်
မားပြ တိုက်ခံရသော အဖွားကြီးရောက်နေပြီး
ဟော — သူက ဓါးမြှောင်နဲ့ ထိုးမယ် တကဲကဲ.....
ကလေးတွေ ကလဲ ဓါးဆို ပန်းချုံးသွားဖြ..
အင်း — ဝါဆိုပန်းချုး ဆိုတာလဲ သရုပ်ပျက်လိုက်ပြီ — လူတွေက အလျော်လွန်နေကြတာကိုး - သူတို့ အတွက် အခွင့် ကောင်းကြီး ပေါ့ —
ဟုတ်တာပဲ
ဒီ ဓါးပြတွေ မိတာလဲ ဒီသူငယ်တွေ မှင်တန်း တန်းလွှတ်လိုက်လို့ဘဲ
ကျေးဇူးတင်ပါတယ် သားတို့ရယ် — အမေ ကျေးဇူး ဆပ်ပါအုံးမယ် — အသုံးကြီးပါစေ - သက်ရှည်ပါစေ


တန်ရာ
တန်ရာ
ကာတွန်း
ဧမာဧမာသက်
ငါလဲအဲဒီငှက်လိုကောင်းကင်မှာပျံနိုင်ပါတယ်ကွ-
မဖြစ်နိုင်တာမလုပ်ပါနဲ့ဗျာ
ဖြစ်နိုင်တာပေါ့ငါပျံပြမယ်ခဏစောင့်အုံး-
ကဲ-အတောင်တွေတပ်ပြီးပြီ၊ဟိုတောင်ပေါ်ကခုန်ချပြီးပျံပြမယ်-
ကိုကြီးမျောက်မပျံနိုင်ဘူး-ဒုက္ခဘဲ
အမယ်လေးသေပါပြီဗျ
ကိုယ်နဲ့မတန်တဲ့အလုပ်ကိုလုပ်ယင်ဒုက္ခရောက်တယ်ဆိုတာသိပြီလား-
အေး-ကိုယ်နဲ့မတန်တဲ့အလုပ်ကိုဘယ်တော့မှမလုပ်တော့ပါဘူးကွာ။
နောက်ဆိုယင်တန်ရာတန်ရာလုပ်ပေါ့ဗျာ


တော်သေး
တာပေါ့
ရေးသူ — သူရတက်ပု
သရုပ်ဖော် —
တနေ့သောနံနက်ခင်းတွင်သူငယ်ချင်း
သုံးယောက်လမ်းလျှောက်ထွက်ကြရာ
တနေ့ကျော်
ဟာ၊ဘုံဘိုင်ကြီး
ပွင့်လို့၊ပိတ်လိုက်
မှဘဲကွ
ထိုအချိန်အုတ်ကားမောင်းလာပြန်ရာ
ကားကြီးပေါ်ကအုတ်ခဲတွေကျကျန်
ခဲ့ပြန်ပြီ၊ဒို့သယ်ပြီးလမ်းဘေးမှာ
ပုံထားကြမှာဘဲကွ
အုတ်သယ်ပြီးကြသဖြင့် ထို
ဘုံဘိုင်တွင်ပင်လက်များကို
သွားဆေးကြသည်
ဒီနေ့ဒို့အတွက်ဂုဏ်ယူ၊ရောပြည်သူ့
နီတိတရပ်ကိုဒို့ဆောင်ရွက်ပြီးခဲ့
ကြပြီကွ
အေးကွ
လက်ဆေးကြပြီး
နောက်အမှတ်တ
မဲ့ထွက်ခဲ့ကြရာ
ဟောဗျာ-
ဒို့လဲဘုံဘိုင်ပိတ်
ဖို့မေ့လာခဲ့ကြ
ပြန်ပြီ
အေးကွာ၊ဘုံဘိုင်
ပြန်ပိတ်ဖို့သတိရပြန်
လို့တော်သေးတာ
ပေါ့ကွ



သာမိဘော
ကိုလတ်
ကျော်ကျော်
ဟေ့ ကိုလတ် စာကျက်လို့ ပြီးပလား
တခုခု ခိုင်းတော့ မယ်ထင်တယ် ဆရာပြောမှာဘဲ
မပြီးသေးဘူး ဖေဖေ ဂဏန်းတွက်စရာတွေ ကျန်သေးတယ်
မကြီးနဲ့ ညီထွေးရော စာကျက်လို့ ပြီးကြပလား
ပြီး ပါပြီဖေဖေ
သားလဲဂဏန်းတွက်လို့ ပြီး ပါပြီ
ကျက်လို့ ပြီးယင် အဝတ်လဲကြ ညစျေးတန်းမှာ ခဲ့သွား စားကြမယ်
ကိုလတ်ကတော့ ကျောင်းစာ မပြီးသေး လို့ နေခဲ့ နော် ကျောင်းစာက အရေးကြီးတယ်
ဟာ!
အင်း ငါညာမိလို့ ခံရတာဘဲ



# မြေပဲ

ရေးသူ — မြတ်ကျော်

သရုပ်ဖော် —

မြေပဲသည် လူတို့ နှစ်သက်စွာ စားသုံးကြသည့် ထူးခြားသော ပဲတမျိုးဖြစ်သည်။


မြေပဲတွင် သာမန်အားဖြင့် ပင်ထောင်မြေပဲနှင့် ပင်ပြန့်မြေပဲဟူ၍ နှစ်မျိုးရှိသည်။

မြေပဲတောင့်သည် ဥမဟုတ်၊ အသီး ဖြစ်သည်။ အပွင့်မှည့်သွားတံသည် ရှည်ထွက်လာကာ မြေကြီးထဲသို့ ထိုးဝင်သွားပြီးမှ မြေပဲတောင့်ကို သီးသည်။

မြေပဲတွင် ပရိုတင်းဓာတ်၊ သတ္တုဓာတ်နှင့် ဗီတာမင်ဓာတ် များစွာပါသည်။


မြေပဲဆံကို သည်အတိုင်းလည်း ပြုတ်စား၊ ကြော်စား၊ လှော်စား၊ ဟင်းချက်စားကြသည်။ မုန့်ပဲသားရေစာ ပြုလုပ်၍လည်း စားကြသည်။

မြေပဲဆံကို ကြိတ်၍ရသောဆီကို ဟင်းချက်ဆီအဖြစ် အသုံးပြုကြသည်။ အခြားဆီများထက် အကြော်ခံသဖြင့် အိမ်ရှင်မနှင့် အကြော်သည်များ နှစ်သက်ကြသည်။










ဆီထုတ်ပြီးသော မြေပဲဖတ်ကို နိုင်ငံခြားသို့ တင်ပို့ ရောင်းချရသည်။ မြေပဲဖတ်ကို တိရစ္ဆာန် အစာအဖြစ် အသုံးပြုသည်။ လူသုံး ပစ္စည်းများအဖြစ် ကော်ရည်နှင့် အထည်အလိပ်များတွင် ပြုပြင်၍ သုံးကြသည်။ မြေပဲခွံကို ဖိုင်ဗာပြားနှင့် မြေသြဇာများ ပြုလုပ်ကြသည်။



မြေပဲကို အထက်မြန်မာနိုင်ငံတွင် မိုးတွင်း၌ စိုက်ပျိုးလေ့ရှိသည်။ အောက်မြန်မာနိုင်ငံတွင် ဆောင်းတွင်း၌ စိုက်ပျိုးလေ့ရှိသည်။ စိုက်ပျိုးချိန်ကို လိုက်၍ မိုးမြေပဲ၊ ဆောင်းမြေပဲဟု ခေါ်ကြသည်။





မြေပဲသည် ကမ္ဘာပေါ်တွင် အာရှ၊ အာဖရိက နှင့် အမေရိက တိုက်တို့၌ ကောင်းစွာ စိုက်ပျိုး ဖြစ်ထွန်းသည်။ မြန်မာနိုင်ငံတွင် မိတ္ထီလာ၊ မကွေး၊ မြင်းခြံ၊ ပခုက္ကူ ခရိုင်များနှင့် ရှမ်းပြည်နယ်တို့၌ အများအပြား စိုက်ပျိုးသည်။






ထင်တလုံး
သရုပ်ဖော်
ဇာတ်လမ်း
ဗန္ဓုရဝင်း
တယ်သာယာတဲ့ ညနေပါလား
ဘဲကလေးတကောင် ရေကန်ထဲတွင်ရေကူးနေစဉ်
မြင်းသိုကြီးတကောင် လည်း အနီးတွင်အစာစားလျက်ရှိသည်
ဟျို့မြင်းသိုကြီး စားလှချည်လားဗျ
မြင်းသိုကြီးကားစားမြဲစားလျက်
ထိုနောက်ဘဲလေးသည်ထင်တလုံးနှင့် ရွှင်ပြုံးနေသည်။
ငါဟာ-ရေပေါ်မှာ ကူးလို့လဲရတယ်
အခုလို— ပျံလို့လဲရတယ်
ပေါ့ဒီလို ငုပ်လဲငုပ် နိုင်တယ်


ထိုအခိုက်အသံတသံ
ပေါ်ထွက်လာသည်။
ဘဲလေးတကောင်x ရေထဲမှာ
ကိုရီးကားရား x
ကိုရီးကားရား x
ဟေး-မြင်းအိုကြီး
ဘာပြောတယ်
ဒါတင်မကဘူး-ကျုပ်ကုန်းပေါ်
မှာလဲလမ်းလျှောက်နိုင်တယ်--
ခုန်နိုင်တယ်--ပျံနိုင်တယ်
သိလား
မြင်းအိုကြီးကား-ဆိတ်ငြိမ်စွာ
သူ့အစာကိုစားမြဲစားလျက်....။
ထိုအခိုက်.ရေကန်နားရှိ
ချုံပုတ်ထဲတွင်အသံရှင်
မြေခွေးကားအစာချောင်း
နေသည်.....
တယ်လဲဆူဖြိုး
ပါလား
နေ့လုံးပျောက်လှ-
မှောင်စပြုလေပြီ


ဟော
ချောင်းလာပြီ
ဟျို့မြင်းသိုကြီး
ပြန်ကြစို့ဟျာ
ထိုခဏတွင်-ချောင်းနေသော
မြေခွေးသည်ပြေးထွက်လာကာ
ဘဲငယ်ကိုခုန်၍အအုပ်တွင်
ရှူသူ
ရှူသူ
မြင်းသိုကြီး၏လျင်မြန်မှုကြောင့်
ချက်ကောင်းထိသွားသော
မြေခွေးမှာ-တချိုးထဲ
လစ်ပြေးလေတော့သည်
ကျေးဇူးတင်
လိုက်တာဗျာ-
အတောင်ပံဘဲ
နဲနဲနာသွားတယ်
အေး..ဘယ်ဟာမဆိုပေါက်ပေါက်
ရောက်ရောက်တတ်ကျွမ်းဖို့လိုတယ်
ဟိုနဲ့နဲ့ ဒီနဲ့နဲ့ ဆိုရင် ကိုယ်ကျိုး
နဲတတ်တယ်ကွဲ့—
ထိုနေ့မှစ၍-ဘဲကလေးသည်-
မိမိကိုယ်ကို အထင်မကြီးဝံ့တော့ချေ—




ခရာတေးဆိုသည်မှာ ဂျပန် ဝေါဟာရဖြစ်၍ လက်နက်မဲ့ ခုခံတိုက်ခိုက်မှုပညာဟု ဆိုလိုပေသည်။


ခရာတေး ပညာတွင် စိတ်အာရုံ စူးစိုက်မှု လေ့ကျင့်ခန်းသည် အထူးအရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် လက်သီးထိုးခြင်း၊ လက်ဝါးစောင်း ခုတ်ခြင်း စသည်တို့၌ ကာယ အားထက် စိတ် စူးစိုက် ယုံကြည်ခြင်း တည်းဟူသော စိတ်ဓာတ်အား သည် ပဓာန ကျ သောကြောင့်ဖြစ်သည်။ ဥပမာ အုတ်နီခဲနှစ်လုံးကို ထပ်၍ လက်ဝါးစောင်းဖြင့် ခုတ်ချပါက ကာယအား သက်သက်ဖြင့် မဟုတ်ပဲ စိတ်၏ သတ္တိထူးများကိုပါ လေ့ကျင့်အသုံးချမှသာ အုတ်နီခဲကို ထက်ခြမ်း ကွဲသွားစေ နိုင်လေသည်။

ခရာတေးပညာ၌ လက်ဖြင့် တိုက်ခိုက်ခြင်းနှင့် ခြေဖြင့် တိုက်ခိုက်ခြင်းဟူ၍ နှစ်ပိုင်း ပါရှိ၏။ လက်ဖြင့် တိုက်ခိုက် နည်းတွင် လက်ဖျားထိပ်၊ လက်သီး၊ လက်ဝါးစောင်း၊ တံတောင်ဆစ်တို့ကို အသုံးပြု၏။ ခြေဖြင့် တိုက်ခိုက်မှုတွင် ခြေဖျား၊ ဖနောင့်၊ ဒူးတို့ကို အသုံးပြုသည်။

ခရာတေး ပညာကို လိုက်စားသူတဦးသည် အောက်ခြေခိုင်မြဲစေရန် ရှေးဦးစွာ မြင်းထိုင်လေ့ကျင့်ခန်းကို စ၍ သင်ယူရ၏။ မြင်းပေါ်တွင် ခွစီးသည့် အနေအထားအတိုင်း ခြေနှစ်ဖက်ခပ်ကျဲကျဲ၊ ဒူးနှစ်ဖက်ခွင်၊ ခါးမတ်မတ်ထား၍ ရပ်တည်ပုံမျိုးဖြစ်၏။

ထို့နောက် အခြေခံလှုပ်ရှားမှုပုံစံများကို လေ့ကျင့်ရသည်။ အရပ် ရှစ်မျက်နှာမှ ဝိုင်းလာသော ရန်သူများအား ခုခံတိုက်ခိုက်နေရသည်ဟု အမှတ်ထား၍ ခြေလက်တို့ဖြင့် ပိတ်ခြင်း၊ ကာခြင်း၊ တိုက်ခိုက်ခြင်း နည်းအမျိုးမျိုးကို သတ်မှတ်ထားသော အစီအစဉ် အတိုင်း ဆက်တိုက် လေ့ကျင့်သွားရသည်။ လှုပ်ရှားမှုများ မှန်ကန်ဖို့သာမက လျင်မြန်မှုအတွက်လည်း လေ့ကျင့်ရပေသည်။

ကျော်ညွန့်မိုး



စိမ်း၊ ဝါ၊ ပြာနု၊ အနီရောင် ဆေးများဖြင့် အရောင်ခြယ်ပါ။



# သရက်သီးကောက်

ကဏှသိုဘ် မောင်အောင်ဆွေ

လမ်းမပေါ်တွင် မိုးလေထန်၍ သစ်ရွက်များ တဖွဲဖွဲကြွေကျနေသည်။ ကလေးများသည် ဝမ်းသာအားရ အော်ဟစ်လျက် ပြေးလွှားနေကြ၏။

"မိုးမင်းကြီးက ခြိမ်းခြိမ်း၊ လေမင်းကြီးက ယိမ်းယိမ်း—ဟေး—ဝါးဝါး"

ကလေးများမှာမိုးဖွဲဖွဲကြားဝယ် ပြေးလွှား နေကြဆဲပင်။ ဟောင်းဆွေး အိုမင်းနေသော သစ်ကိုင်းခြောက် များမှာ တဖြောက်ဖြောက် နှင့် မြေကြီးပေါ်သို့ ကျလာလေသည်။

"ဟဲ့— ကလေးတွေ အိမ်ပေါ်တက်ကြစမ်း။ သစ်ပင်လဲလို့ သေကုန်လိမ့်မည်"ဟု မိဘများက အသီးသီး အော်ခေါ်ကြသဖြင့် ခဏကြာလျှင် လမ်းမပေါ်၌ အသံများ တိတ်ဆိတ်သွားလေ၏။ မိုးတဖွဲဖွဲရွာနေရာမှ မိုးသီး မိုးပေါက်များမှာ တဖြည်းဖြည်း ကြီးမားလာသည်။ သစ်ပင်ကြီးများမှာ တရှဲရှဲနှင့် အော်မြည်လျက် ရှိနေသည်။

လမ်းမပေါ်တွင် လူသွားလူလာ ကင်းရှင်းလျက် ရှိစဉ်—

"ဒီမှာ အများကြီးဘဲ ပုတိုလာကွ"ဟု လမ်းထဲရှိ သရက်ပင်ကြီး အောက်မှ ကလေး နှစ်ယောက်၏အသံ ထွက်ပေါ်လာလေသည်။

"အေးကွာ—တချိုမှဲ့နေပြီ။ မင်းအောက်ကဖမ်းကွာ ချိုပြုံး၊ ငါတံချူနဲ့ ချူချမယ်"

ပုတိုသည် အနိမ့်ပိုင်းမှ သရက်သီးများကို အလျင်ချူနေသည်။ ချိုပြုံးက လွယ်အိတ်ထဲသို့ သရက်သီးများကို အားပါးတရ ကောက်ထည့်နေသည်။

"ဟဲ့ ကောင်လေးတွေ ဘာလို့ သရက်သီး လာခိုးတာလဲ" ဟု သရက်ပင် ပိုင်ရှင် ဒေါ်ဂျမ်းဘုံက အော်လိုက်ရာ သူတို့ နှစ်ယောက်သည် သရက်ပင်ရင်း၌ ပုန်းနေလိုက်ကြ၏။ အသံတိတ်သွားလျှင် ဝါးလုံး တံချူတံကို ပြန်ထောင်ကြပြန်သည်။

အနီးရှိ အိမ်တအိမ်မှ လူကြီးတယောက်သည် ပုတိုနှင့် ချိုပြုံး ကလေးနှစ်ဦးနှင့် ဒေါ်ဂျမ်းဘုံတို့ကို ကြည့်နေ၏။

"ဟဲ့ ကလေးတွေ ဦးဦးဆီလာပါအုံးကွ"ဟု ထိုလူကြီးက လှမ်းခေါ်လိုက်၏။

ပုတိုနှင့် ချိုပြုံး တို့သည် လူကြီး အနီးသို့ကပ်သွားကြသည်။

"ဒေါ်ဂျမ်းဘုံ စိတ်ဆိုးလာယင် မင်းတို့ကို ထွက်ရိုက်လိမ့်မယ်။ မိုးတွေ လေတွေ ထန်နေတုန်း အိမ်မှာဘဲ ပြန်နေကြပါလားကွာ"ဟု လူကြီးက ချော့မော့ လွှတ်လိုက်သည်။

ပုတိုနှင့် ချိုပြုံးသည် မျက်နှာ မှုန်ကုပ်ကုပ်နှင့် မကျေမနပ်ဖြစ်ကာ ဝါးလုံး တံချူတံကို ပခုံးပေါ်ထမ်းရင်း လမ်းထဲမှ ထွက်သွားကြလေ၏။

အတန်ကြာသောအခါ–

“ဒီ ကလေး နှစ် ယောက် တော့ ဒုက္ခပါဘဲ”ဟု စကားသံ များ ဆူဆူ ညံညံ ကြားရပြီး ဒေါ် ဂျမ်းဘုံ၏ သရက်ပင် အောက်၌ လူများ ဝိုင်းအုံနေ သည်ကို တွေ့ရသည်။

ပုတိုသည် သတိမေ့လဲနေပြီး ချိုပြုံးမှာ သရက်သီး လွယ်အိတ် ကို ရင်ခွင်ထဲ ဖက်ထားရင်း ငို နေသည်။

“ ခေါင်းကွဲသွားပြီထင်တယ် ဗျို့”ဟု စကားသံများ ထွက်လာသည်။

မကြာမီ ဆေးရုံကားရောက် လာပြီး ပုတိုကို တင်ဆောင်ကာ မောင်းထွက်သွားလေ၏။

လမ်းထဲမှ ကလေးများသည် ပါး စပ် ကလေး များ ဟ လျက် ပုတို၏ အဖြစ် အပျက် ကိုမြင် လိုက်ကြရသဖြင့်တိုးတိုးကြိတ်၍ တဦးနှင့် တဦး ပြောနေကြ၏။

“ဟော့ – ကောင် လေး တွေ မင်းတို့လဲ သတိထား၊ ကြား လား။ မိုးရွာယင် လမ်းမပေါ် မထွက်ရဘူး။ ရေစိုနေတဲ့ ဝါး လုံးနဲ့ လျှပ်စစ်ခေါင်းကြိုးကို မထိ စေရဘူး။ ထိယင် ဓာတ်လိုက် ပြီး ပုတိုလိုဖြစ်မှာဘဲ”

“ကျနော်တို့ မ ကိုင် ပါ ဘူး ခင်ဗျာ”

လျှပ်စစ်ဌာန အလုပ်သမား ကြီး တယောက်က အသံမာမာ နှင့် ဆုံးမလိုက်သဖြင့် ကလေး များသည် အလွန်ကြောက်လန့် တုန်လှုပ်လျက် ပုတို ကျန်ရစ်ခဲ့ သော ရေစိုနေသည့် ဝါးလုံး တံချူတံကလေးကို ကြည့် ရင်း ပြိုင်တူ ခေါင်း ညိတ်လိုက်ကြ လေသည်။






## လူကြီးများကို ရိုသေကွယ်

ကိုယ်နှုတ်နှလုံး သုံးပါးလုံးနဲ့
လူကြီးများကို ရိုသေကွယ်။
မမ ကိုကို အရွယ်လိုက်လို့
နှစ်ခြိုက်စဖွယ် သုံးပါမယ်။
ဗျာဗျာ ရှင်ရှင် ယဉ်ယဉ်ထူးလို့
ရှင်မြူးနှုတ်မှ ရှိပါမယ်။
ပေးတာယူတာ လက်နှစ်ဖက်နဲ့
ကိုင်းလျက် ကိုယ်ကို
ထားရမယ်။
လူကြီးရှေ့ဝယ်
ဖြတ်ကာသွားတော့
ကိုယ်အား ကိုင်းညွတ်
သွားရမယ်။
စိတ်ကလည်းကွယ် မပြစ်မှားနဲ့
လူကြီးများကို ရိုသေကွယ်။
အမြဲကွယ်–အမြဲကွယ်။ ။

ကြည်ဇော်

R. 517


# ဆီးသီး



ဆီးသီး၏ အရွယ်နှင့် ပုံပန်းတို့မှာ အမျိုးမျိုး ကွဲပြားသည်။ သို့သော် အများအားဖြင့် လုံးဝန်းသည်။





မရင့်သေးသော ဆီးသီးမှာ ခွါကျိုကျို ဖြစ်သည်။ မှည့်ရင့်သောအခါ လိမ်မော်ရောင် သို့မဟုတ် အနီရောင် ရှိသည်။





မြန်မာနိုင်ငံ အနှံ့အပြားတွင် ဆီးပင်များကို တွေ့နိုင်သည်။ အများအားဖြင့် အလေ့ကျ ပေါက်ကြသည်။ အထူးသဖြင့် မန္တလေး၊ မကွေးနှင့် စစ်ကိုင်းနယ်များတွင် ဆီးပင်ပေါသည်။ ဆီးပင်သည် အေးသောရာသီတွင် အပွင့်များပွင့်၍ ပူသောရာသီ၌ အသီးမှည့်လေသည်။




ဆီးသီးအမျိုးမျိုးရှိရာ အများအားဖြင့် ချဉ်ဖန်သောအရသာရှိသည်။ ဆီးတော်သီးသည် အသားများ၍ ချိုသည်။ စလေဆီးသီးတွင် အလွန်သေးငယ်၍ ပျော့သောအစေ့ ရှိသည်။



ဆီးသီးမှည့်များကိုခူး၍ အခြောက်ခံထားတတ်ကြသည်။ ဆီးသီးခြောက်များကို ဆီးယိုထိုးစားကြသည်။ အမှုန့်ထောင်း၍ ဆီးပေါင်းဆီးယိုပြုလုပ်နိုင်သည်။ ဆီးပြားလည်း လုပ်ကြသည်။ ပူအိုက်သော ရာသီတွင် ဆီးသီးခြောက် မှုန့်များဖြင့် ဆီးဖျော်ရည် ဖျော်သောက်နိုင်သည်။




ဆီးသီးကို စားက ဝမ်းပျော့စေသည်။ ရေငတ်ခြင်း၊ ပင်ပန်း နွမ်းနယ်ခြင်းနှင့် နှလုံးတုန်ခြင်းတို့ကို ပျောက်စေနိုင်သည်ဟု မြန်မာ ဆေးကျမ်းများက ဆိုသည်။

စိန်တင်

၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် ထုတ်ချုပ်ရေးအဖွဲ့၊
ထုတ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေသည်၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ဖုံးက ရိုက်နှိပ်သည်။

Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/